# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

## DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

ဒေါ်အောင်ဆန်းစုကြည် အသက် (၆၀)ပြည့်မွေးနေ့
သဝဏ်လွှာ

စစ်မှန်သော ဒီမိုကရေစီအရေးကို ဆောင်ရွက်လျှင် အခြေခံအားဖြင့် အောက်ပါအချက် (၅) အပေါ် မှန်ကန်စွာ သဘောထားတတ်ဖို့ အရေးကြီးပါသည်။

(၁) ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ
(၂) ဒေါ်အောင်ဆန်းစုကြည်
(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၄) ၁၉၉၀ ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်
(၅) တွေ့ဆုံဆွေးနွေးအဖြေရှာရေး

(နဝတ / နအဖ)စစ်အုပ်စုသည် ဖေါ်ပြပါအချက်(၅)ချက်နှင့်ပတ်သက်လာလျှင် ဖြူးသူရန်ဘက်ပမာသဘောထားလျက် ထောက်ထားမှု၊သက်ညှာမှု၊ယဉ်ကျေးမှု ကင်းမဲ့စွာပြုမူဆောင်ရွက်လေ့ရှိပါသည်၊ 'သင်ပုန်းချေရေး ကစကြရအောင်' ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကမ်းလှမ်းသည်ကိုပင်ခပ်မဆိတ်နေခဲ့သည်၊ သို့သော်လည်း'ချေမှုန်းမည်'ဟူသော စကားကိုတော့ တွင်တွင်ပြောနေပါသည်။

(နအဖ)စစ်အစိုးရ ကချမှတ်ထားသည့် **(Roadmap)** ၇ – ချက်ဆိုသည်မှာ ဖေါ်ပြပါအချက် (၅)ချက်ကို ပစ်ပယ်လျစ်လျူရှုကာ စစ်အာဏာရှင်စနစ် ထာဝစဉ်အာဏာတည်မြဲရေးအတွက်သာဖြစ်သည်၊**(Roadmap)** ၇ – ချက် ဖြင့် စစ်မှန်သောပြည်ထောင်စု၊စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်တိုကို မည်သို့မျှတည်ဆောက်နိုင်မည်မဟုတ်ပါ။

တိုင်းပြည်နှင့်လူမျိုးပေါင်းစုံပြည်သူများအတွက် ကောင်းမွန်သောရလဒ်များရရှိနိုင်ရန်အတွက်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (နအဖ)စစ်အစိုးရတို့တန်းတူရည်တူတွေ့ဆုံဆွေးနွေးကြရမည်၊ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် တကွဖမ်းဆီးထိန်းသိမ်းခံနိုင်ငံရေးအကျဉ်းသားများ အားလုံးလွှတ်မြောက်ရေးသည် ဒီမိုကရေစီရေးလှုပ်ရှားမှုကြီး အတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အလေးအနက်ယုံကြည်ပါကြောင်း။

–ဒေါ်အောင်ဆန်းစုကြည် အသက်(၆၀)ပြည့်မွေးနေ့မှသည် အသက်ရာကျော်ရှည်ပါစေလို့ ဆုမွန်ကောင်းတောင်းပါသည်၊
– ဒေါ်အောင်ဆန်းစုကြည်၏ သူမတူသော စိတ်ရှည်သည်းခံတတ်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ ရဲစွမ်းသတ္တိရှိမှု၊ တည်ကြည်မြဲမြံသောဦးတည်ချက်ရှိမှုများကို ချီးကျူးဂုဏ်ပြုပါသည်၊

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၅ ခုနှစ်၊ ဇွန်လ(၁၉)ရက်။